# တရားဝင် ထိမ်းမြားမင်္ဂလာမပြုဘဲ ပေါင်းသင်းခြင်း

**ရေးသားသူ**
**DR. A.L.Barry**
ဥက္ကဌ (ငြိမ်း)
**မစ်ဆိုရီစင်နေ့ဒ့လူသာရင် အသင်းတော်**

**ယခုအခါတွင်ယောကျ်ားနှင့်မိန်းမတို့သည် တရားဝင်လက်မထပ်ဘဲ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်မှုသည် တိုးပွါးများပြားလျှက် ရှိနေပါသည်။**

## ထိမ်းမြားလက်ထပ်ခြင်း ဆိုသည်မှာ

ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော သမ္မာကျမ်းစာတွင် ထိမ်းမြားလက်ထပ်ခြင်း ဆိုသည်မှာ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် တစ်သက်တာလုံး လင်နှင့်မယားအဖြစ် ပေါင်းသင်း နေထိုင်ခြင်းဟု ဖော်ပြထားပါသည်။ ***"ထိုအကြောင်းကြောင့် ယောကျ်ားသည် မိဘကိုစွန့်၍ ဇနီးနှင့်စုံဖက် သဖြင့် သူတို့နှစ်ဦးသည် တစ်သွေးတစ်သားတည်း ဖြစ်လာကြ၏"*** **ကမ္ဘာဦး ၂ း ၂၄ ။ မသဲ ၁၉ း ၅ -၆ ။ဧဖက် ၅ း ၃၁**

ထို့ပြင် ***"ကာမဂုဏ်လိုက်စားမှုများ လွန်စွာများပြားလျှက်နေသဖြင့် အမျိုးသားတိုင်းမှာ ဇနီးရှိသင့်၏။ အမျိုးသမီးတိုင်းမှာလည်း ခင်ပွန်းရှိသင့်၏။"*** **၁ ကော ၇ း၂** ။ ဟု ဖော်ပြထားပါသည်။ ဟေဗြဲသြဝါဒစာတွင်လည်း ***"ထိမ်းမြားမင်္ဂလာပြုခြင်းအမှုကို လူတိုင်းလေးစားကြရမည်။ လင်နှင့်မယားသည် တစ်ဦးကိုတစ်ဦး သစ္စာရှိရမည်။ ဘုရားသခင်သည် အကျင့်ပျက်သူများနှင့် သူတစ်ပါးအိမ်ရာကို ပြစ်မှားသူများကို တရားစီရင်တော်မူလိမ့်မည်"*** **ဟေဗြဲ ၁၃ း ၄** ဟု ဖော်ပြထားပါသည်။

ဘုရားသခင်သည် ရှင်ပေါလုမှတဆင့် **ခရစ်တော်ကို သတို့သား**ဟုတင်စားပြီး **ခရစ်ယာန်အသင်းတော်ကို သတို့သမီး**အဖြစ် ပုံဖော်ရေးသားချက်ကို ကြည့်ခြင်းအားဖြင့် ထိမ်းမြားမင်္ဂလာသည် ဘုရားသခင်ပေးသော ထူးမြတ်အဖိုးထိုက်တန်သော ကောင်းကြီးမင်္ဂလာဖြစ်ကြောင်း သိရှိနိုင်ပါသည်။ **ဧဖက် ၅ း ၂၂ း ၃၃**

## တရားဝင် ထိမ်းမြားမင်္ဂလာမပြုဘဲ ပေါင်းသင်းခြင်းသည် အဘယ်ကြောင့် မှားယွင်းသနည်း?

ဦးစွာဖော်ပြရလျှင် တရားဝင်လက်မထပ်ဘဲ လင်မယားကဲ့သို့နေထိုင်ခြင်းသည် အပြစ်တရားတွင် နေထိုင်ခြင်းပင် ဖြစ်ကြောင်း နှုတ်ကပတ်တော်တွင် ရှင်းလင်းစွာဖော်ပြထားပါသည်။ ***"သို့ဖြစ်၍ သင်တို့သည် ဘုရားမဲ့သူများနည်းတူ ဆက်လက်မကျင့်ကြံကြရန် သခင်ဘုရား၏ နာမတော်မြတ်ကို အမှီပြု၍ ငါသတိပေးလို၏။ သူတို့၏ အကြံအစည်များကား အချည်းနှီးသာဖြစ်သည်။ သူတို့သည် ဉာဏ်အလင်းကွယ်၍ အသိတရားလုံးဝကင်းမဲ့လျှက်ရှိကြ၏။ ရှက်ကြောက်စိတ် လုံးဝ မရှိတော့သဖြင့် သူတို့သည် ကာမဂုဏ်လိုက်စားကာ ညစ်ညမ်းသောအကျင့်အမျိုးမျိုးတို့ကို အချုပ်အချယ်မရှိ ပြုကျင့်ကြပေသည်။"*** **ဧဖက် ၄ း ၁၇ - ၁၉**

**သခင်ယေရှုသည် မိမိ၏ခင်ပွန်းမဟုတ်သူနှင့် နေထိုင်ပေါင်းသင်းသော အမျိုးသမီးတစ်ဦးကို မှားယွင်းနေကြောင်း အသိပေးဖော်ပြလမ်းညွှန်ပေးခဲ့ပါသည်။** **ယော ၄ း ၁၆ - ၁၈**

***"သူ့မယားကို မပြစ်မှားနှင့်"*** ဟူသော ဆဋ္ဌမပညတ်တော်၏အဓိပ္ပာယ်မှာ - **ကျွန်တော်တို့သည် ဘုရားသခင်ကို ချစ်ကြောက်ရိုသေပြီး ကျွန်တော်တို့၏အသက်တာတွင် ပြောဆိုခြင်း၊ ကျင့်ကြံခြင်း၊ ဖြူစင်စွာ နေထိုင်ခြင်း၊ သစ္စာရှိ၍သန့်ရှင်းသောကာမဆက်ဆံမှုကိုပြုခြင်း၊ ဇနီးနှင့်ခင်ပွန်းတို့သည် ချစ်မြတ်နိုး၍ အချင်းချင်းလေးစားရမည်ဟု ဆိုလိုရင်းဖြစ်ပြီး လူသာရင်ခရစ်ယာန်တို့သည် ယုံကြည်လက်ခံ ကျင့်သုံးကြပါသည်။ (ဒေါက်တာ မာတင်လူသာ၏ ဓမ္မအမေးအဖြေစာအုပ်ငယ်)**

အထက်ပါပညတ်တော်ကို တနည်းထပ်၍ ရှင်းလင်းစွာဆိုရလျှင် ယောကျ်ားနှင့်မိန်းမတို့သည် မထိမ်းမြားလက်မထပ်ဘဲ လင်နှင့်မယားအဖြစ် မပေါင်းသင်းရ၊ ထိမ်းမြားပြီးမှသာလျှင် လင်မယားအဖြစ် ပေါင်းသင်းရပါမည်။ ဤအမှန်တရားသည် **အသက်(၈၀)အရွယ်**အတွက် ဟုတ်သကဲ့သို့ **(၁၈)နှစ်အရွယ်** အတွက်လည်း ဖြစ်ပါသည်။

**အသင်းတော်သည်ဤ ကဲ့သို့ တရားမဝင် သဘောတူပေါင်းသင်းကြသူများကို အဘယ်ကြောင့် ဂရုစိုက်ရသနည်း?** ဘုရားသခင်ဂရုစိုက်သောကြောင့် အသင်းတော်ဂရုစိုက်ရပါသည်။ မထိမ်းမြားဘဲ ပေါင်းသင်းကာမ ဆက်ဆံနေခြင်းကို သခင်ဘုရားသည် ပြင်းထန်စွာ ဆုံးမတားမြစ်ထားပါသည်။ အောက်ဖော်ပြပါကျမ်းချက်များကို ကြည့်ကြပါစို့- ***". . . လွဲမှား၍ မထင်ကြနှင့်၊ ကာမဂုဏ်လိုက်စားသူများ၊ ရုပ်ထုကို ကိုးကွယ်သူများ၊ သူများအိမ်ရာကို ပြစ်မှားသူများ . . . သည် ဘုရားသခင်၏ နိုင်ငံတော်သား ဖြစ်ကြရလိမ့်မည်မဟုတ်ပါ။*** **၁ ကော (၆ း ၉ - ၁၀) . ၂**

***"သင်တို့သည် ဘုရားသခင်၏ လူစုတော်ဖြစ်သဖြင့် ကာမဂုဏ်လိုက်စားမှု၊ ညစ်ညမ်းမှုနှင့် လောဘလွန်ကျူးမှုအကြောင်းတို့ကို သင်တို့တွင် ပြောဆိုခြင်းပင် မရှိစေနှင့်။"*** **ဧဖက် ၅ း ၃**

***"လူ့ဇာတိနှင့်ဆိုင်သော အပြုအမူများမှာ သိသာထင်ရှား၏။ ထိုအရာများကား ကာမဂုဏ်လိုက်စားခြင်း၊ ညစ်ညမ်းခြင်း၊ အကျင့်ပျက်ခြင်း. . . ဤနည်းအတိုင်း ပြုကျင့်ကြသူတို့သည် ဘုရားသခင်၏ နိုင်ငံတော် ကို အပိုင်ရကြမည်မဟုတ်။"*** **ဂလာတိ ၅ း ၁၉ - ၂၁**

**မထိမ်းမြားဘဲ ပေါင်းသင်းနေခြင်းသည် အဘယ်ကြောင့် ကြီးကျယ်သော ပြဿနာ ဖြစ်သနည်း?**

ဤကဲ့သို့ မထိမ်းမြားဘဲ ပေါင်းသင်းနေထိုင်ကြသူတို့သည် အပြစ်ကျူးလွန်နေသူများဖြစ်ကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ရှင်းလင်းစွာ ဖော်ပြနေ၍ ဖြစ်ပါသည်။ မထိမ်းမြားဘဲ ပေါင်းသင်းနေထိုင်မှုအကျင့်စရိုက်ကို ဘုရားသခင်မှ ဆန့်ကျင်ရှုတ်ချပြီး ထာဝရအပြစ်ဒဏ်ခံစေနိုင်သော **ကျိန်ခြင်းအမင်္ဂလာ**သည် သူတို့အပေါ်သက်ရောက်နေ၍ ဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖော်ပြသည်မှာ ***"ငါတို့သည် သမ္မာတရားကို သိရှိကြပြီးမှ တမင်သက်သက် ဆက်လက်အပြစ်ကျူးနေမည်ဆိုပါမူ ငါတို့၏ အပြစ်များအတွက် ပူဇော်ရန် ယဇ်ရှိတော့မည်မဟုတ်"*** **ဟေဗြဲ ၁၀ း ၂၆**

ထပ်မံ၍ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

***"ဘုရားသခင်သည် သင်တို့အား သန့်ရှင်းမြင့်မြတ်ကြစေရန်နှင့် ကာမဂုဏ် လွန်ကျူးမှုနှင့် လုံးဝကင်းကြစေရန် အလိုရှိတော်မူ၏။ အမျိုးသားတိုင်းပင် သန့်ရှင်းဖြူစင် တင့်တယ်လျောက်ပတ်စွာ မိမိ၏ဇနီးနှင့် ပေါင်းသင်းနေထိုင်တတ်ရမည်၊ ဘုရားသခင်ကို မကိုးကွယ်သူတို့ကဲ့သို့ ကိလေသာစိတ်၏ အလိုသို့မလိုက်ရ။. . . သခင်ဘုရားသည် ဤအပြစ်မျိုးကျူးလွန်သောသူတို့အား အပြစ်ဒဏ်စီရင်တော်မူမည် ဖြစ်ကြောင်း သင်တို့အား ငါတို့ ကြပ်တည်းစွာ သတိပေးပြီး ဖြစ်သည်။ ဘုရားသခင် သည်ငါတို့အားကာမဂုဏ်လိုက်စားမှု၌မွေ့လျော်စေရန် ခေါ်ယူရွေးကောက်တော်မူသည်မဟုတ်။သန့်ရှင်းဖြူစင်စွာ ပြုမူကျင့်ကြံနေထိုင်ကြစေရန် ခေါ်ယူရွေးကောက်တော်မူပေသည်။"*** **( ၁ သက်သာ ၄ း ၃- ၇)**

## အသင်းတော်သည် ယင်းကိစ္စကို ဆုံးဖြတ်စီရင်နိုင်သလား?

**အသင်းတော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန်တရားကို ဖော်ပြနေခြင်းဖြစ်ပါသည်။** **ခရစ်တော်**နှင့်**သူ၏လူမျိုးတော်ကိုယ်စား** **သင်းအုပ်ဆရာတော်**သည် တာဝန်ရှိသူဖြစ်ပြီး ယင်းကဲ့သို့ ထိမ်းမြားခြင်းမရှိဘဲ ပေါင်းသင်းနေထိုင်ကြသော မောင်မယ်များကို နှုတ်ကပတ်တော်ကို ဟောပြောရပါမည်။ ဟောပြောရာတွင် **ပညတ်တော်တရားတော်နှင့် ဧဝံဂေလိတရားတော်**တို့ကိုပါ ဟောပြောသွန်သင်ရပါမည်။ **သင်းအုပ်ဆရာတော်များ (သို့မဟုတ်) အသင်းတော်များတွင် ထိမ်းမြားခြင်းမရှိဘဲ ပေါင်းသင်းနေထိုင်ကြသူတို့ကိစ္စကို ကိုင်တွယ်ရသည်မှာ ခက်ခဲလှပါသည်။**

သင်းအုပ်ဆရာတော်များနှင့် အသင်းတော်များသည်**စစ်မှန်သော သိုးထိန်းမြတ်** ကဲ့သို့လည်းကောင်း၊ **နှုတ်ကပတ်တော်ပေါ်တွင် သစ္စာရှိစွာ**ဖြင့်လည်းကောင်း၊ **မစကူညီ ဂရုစိုက်သောစိတ်ထား**ဖြင့်လည်းကောင်း ပြောဆိုဆောင်ရွက်ရပါမည်။ ထိမ်းမြားခြင်းမရှိဘဲ ပေါင်းသင်းနေသောမောင်မယ်များ (သို့မဟုတ်) သူတို့၏ မိဘများက စိတ်တိုစွာဖြင့် **'ဘာဖြစ်လို့လဲ? ဒီ မှာအားလုံးက ဒီ လိုပဲနေကြတာပဲ! ခေတ်ရေစီးကြောင်းက ပြောင်းလဲနေတဲ့ကာလထဲမှာ ငါတို့ ရောက်နေတာပဲ!** ဟု ဆိုလာနိုင်ပါသည်။

ဤအခြေအနေတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဖော်ပြထားသော အမှန်တရားကို ဟောပြောရာတွင် အသင်းတော်သည် နှုတ်ကပတ်တော်ကို သစ္စာပြုရမည်ဖြစ်ပြီး စီရင်ဆုံးဖြတ်ခြင်း မပြုရပါ။

## ယင်းကဲ့သို့နေထိုင်မှုသည် သင့်လျော်သည်ဟု ခံယူသော မောင်မယ်များအတွက် မည်ကဲ့သို့ လုပ်ဆောင်မည်နည်း?

**တရားဝင်ထိမ်းမြားပေါင်းသင်းနေထိုင်သူတို့၏ ဘဝအသက်တာတွင်ရှိနေသော လင်နှင့်မယား သံယောဇဉ်တွယ်မှု၊ ဆက်ဆံမှု၊ လုံခြုံမှု၊ တည်ငြိမ်မှုနှင့် ပြည့်ဝစုံလင်မှုများကို မထိမ်းမြားဘဲ ပေါင်းသင်းနေထိုင်သူတို့၏ ဘဝတွင် ပြည့်စုံစွာမရရှိနိုင်ပါ ဟု သုတေသနပြုချက်များအရ သိရှိရပါသည်။**

**ထို့ပြင် တရားဝင်ထိမ်းမြားခြင်းမရှိဘဲ ပေါင်းသင်းနေပြီးမှ တချိန်တွင် လမ်းခွဲပြီး တခြားတစ်ဦးနှင့် တရားဝင်ထိမ်းမြားကြသော စုံတွဲတို့၏ ကွာရှင်းမှုသည် အမြင့်ဆုံးစံချိန်တွင် တည်ရှိလျှက် ရှိနေပါသည်။ မထိမ်းမြားဘဲ အတူတကွ စုံဖက်နေထိုင်ခြင်းဟူသော အယူအဆသည် အလွန်ဆိုးရွားလှသည့်အပြင် လူသားဆန်မှုတရားနှင့်လည်း လွန်စွာဝေးကွာလျှက် ရှိနေပါသည်။**

**လေ့လာဆန်းစစ်သုတေသနပြုချက်အရ တရားဝင်မထိမ်းမြားမီ အတူတကွပေါင်းသင်းနေထိုင်သူတို့ သည် တရားဝင်လက်ထပ်ပြီးမှ ပေါင်းသင်းသူများထက် လင်မယားကွာရှင်းမှုနှုန်းသည် ပို၍ မြင့်မားလျှက် ရှိကြောင်းနှင့် ရာခိုင်နှုန်းမှာလည်း ၅၀% မှ ၁၀၀% ထိ ရှိကြောင်း (The Relationship Between Cohabitation and Divorce 1998) Demography, 29 : 357 - 374 တွင် တွေ့ရှိရပါသည်။**

**ထို့ပြင် Yale နှင့် Columbia တက္ကသိုလ်တို့၏ လေ့လာချက်အရ မိမိလက်ထပ်မည့်အမျိုးသားနှင့် လက်မထပ်မီ ကာမဆက်ဆံကြသည့် အမျိုးသမီးတို့၏ ကွာရှင်းမှုနှုန်းသည် ယင်းကဲ့သို့မပြုမှုသည့် အမျိုးသမီး တို့ထက် များစွာမြင့်မားပြီး ၈၀%ခန့်အထိရှိကြောင်း သိရှိရပါသည်။ (Commitment and the Modern Union, American Sociological Review, 1988, 53 : 127 - 138)**

## ဤအခြေအနေများကို အသင်းတော်သည် မည်သို့ ကိုင်တွယ်မည်နည်း?

**အသင်းတော်နှင့် အသင်းတော်၏ သင်းအုပ်ဆရာတော်တို့သည် မထိမ်းမြားဘဲ ပေါင်းသင်းနေသူတို့အားတွေ့ဆုံပြီး ယင်းကဲ့သို့ နေထိုင်ခြင်းမှာ အပြစ်ရှိကြောင်း ပြောပြရပါမည်။ ချစ်ခြင်းမေတ္တာဖြင့်သာ ပြောဆိုရပါမည်။ သို့ရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်ပေါ်၌ သစ္စာရှိစွာရပ်တည်သည့် ဆွေးနွေးမှုမျိုးသာ ဖြစ်ရပါမည်။ ယင်းကဲ့သို့ ပေါင်းသင်းနေမှုကို လစ်လျူရှုခြင်း၊ မသိရှိဟန်ဆောင်နေခြင်းများ မလုပ်ရပါ။**

ယင်းကဲ့သို့ မထိမ်းမြားဘဲ ပေါင်းသင်းနေသူများကို ဤသို့ ပေါင်းသင်းနေထိုင်ခြင်းသည် မည်မျှဆိုးရွားလှကြောင်းကို ဖော်ပြ၍ အသင်းတော်၏ စည်းမျဉ်းအောက်သို့ မှန်ကန်စွာ ရောက်ရှိလာစေရန် လိုအပ်သည်များကို ကူညီပေးရပါမည်။

**ဤကဲ့သို့ ဆွေးနွေးခြင်းဖြင့် တချို့က စိတ်ဆိုးပါလိမ့်မည်။ တချို့အသင်းတော် (သို့မဟုတ်) သင်းအုပ် ဆရာကို စိတ်ခုပါလိမ့်မည်။**တခါတရံ **ဤကိစ္စကို လစ်လျူရှုခဲ့သော မိသားစုဝင်များမှ စိတ်မသက်မသာ ဖြစ်လာပါလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် ဤအရာများကို ချေဖျက်နိုင်သောလမ်းရှိသကဲ့သို့ ကျွန်တော်တို့၏ အပြစ်များကို ဖော်ထုတ်နိုင်သော အစွမ်းလည်း ရှိပါသည်။**

ဤသည်ကား **ပညတ်တရားတော်၏လုပ်ငန်းပင်** ဖြစ်ပါသည်။ ကျွန်တော်တို့၏အပြစ်များကို တိကျစွာဖော်ပြပါလိမ့်မည်။

အသင်းတော်၏ ရည်မှန်းချက်နှင့် အသင်းတော်၏ဆန္ဒသည် စိတ်ဆိုးနေသူတို့အတွက် မဟုတ်ဘဲ မိမိအပြစ်ကိုသိရှိဝန်ခံသောသူများအတွက် ဖြစ်ပါသည်။ **အသင်းတော်သည် လူသားတို့၏အပြစ်များကို ဖော်ပြပေးရန် အလိုရှိပါသည်။** သို့မှသာ သူတို့သည် **ကယ်တင်ရှင်**ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ **ဧဝံဂေလိတရားတော် ဟောပြောခြင်းသည် အသင်းတော်၏ ထိပ်တန်းဦးစားပေးလုပ်ငန်းကြီး ဖြစ်ပါသည်။** အသင်းတော်သည် ဘုရားသခင်၏ ပညတ်တရားတော်ကိုဟောပြော၍ လူတို့ကြားနာပြီး သတင်းကောင်းဖြစ်သော ***"ဘုရားသခင်၏သားတော် သခင်ယေရှု၏သွေးတော်သည်လည်း ငါတို့၏အပြစ်ရှိသမျှကို ဆေးကြောစင်ကြယ် စေတော်မူလိမ့်မည်" (၁ယော ၁ း ၇)*** ဧဝံဂေလိတရားတော်ကို ယုံကြည်ကြစေရန် လုပ်ဆောင်ရပါမည်။ **အသင်းတော်သည် ဧဝံဂေလိတရားတော်ကို ဟောပြောရန် ဆန္ဒရှိရခြင်းမှာ ဧဝံဂေလိတရားတော် သည်သာလျှင် အသက်တာနှင့် အမူအကျင့်တို့ကို ပြောင်းလဲစေနိုင်သောတန်ခိုးရှိ၍ ဖြစ်ပါသည်။**

## မထိမ်းမြားဘဲ ပေါင်းသင်းနေသူတို့သည် ဤကိစ္စကို မည်သို့ ဖြေရှင်းကြမည်နည်း?

မထိမ်းမြားဘဲ ပေါင်းသင်းနေသူတို့သည် ဤအခြေအနေကို အဆုံးသတ်ရန် **ခိုင်မာသော ခြေလှမ်း(အဆင့်)**များကို ဖြတ်ကျော်ရပါမည်။ **ကိုယ်နှင့်အတူနေသူအား တရားဝင်လက်ထပ်ရန် ရည်ရွယ်ချက် မရှိပါက အတူမနေရန် လိုအပ်ပါသည်။ အကယ်၍ လက်ထပ်ရန်ရည်ရွယ်ထားပါက ဘုရားသခင်နှင့် လူရှေ့တွင် တရားဝင်လက်ထပ်သည်အထိ သီးခြားနေထိုင်ရပါမည်။ သို့မဟုတ် ကာမ မဆက်ဆံရပါ။** အရေးကြီးဆုံးတချက်မှာ ထိုသူတို့သည် တရားဝင်လက်မထပ်မီနှင့် (သို့)လက်ထပ်ပြီးနောက် ထိမ်းမြားခြင်းနှင့် ဆိုင်သော **ဆွေးနွေးတိုင်ပင်သူထံတွင် အကြံဉာဏ်တောင်းခံယူရန်** လိုအပ်ပါသည်။

တချို့မောင်မယ်တို့သည် တရားရုံးတွင် လက်ထပ်ရန် ရွေးချယ်ကြပါသည်။ ဤထိမ်းမြားခြင်းကို အသင်းတော်မှ လက်ခံပါသည်။ တရားရုံးတွင် အများအသိအမှတ်ပြုခြင်းဖြစ်ရာ အသင်းတော်မှလည်း လက်ခံနိုင်ပါသည်။ မည်ကဲ့သို့ပင် တရားဝင်ရွေးချယ်သည်ဖြစ်ပါစေ သင်းအုပ်ဆရာထံ ဆွေးနွေးအကြံဉာဏ်ယူရန် အထူးလိုအပ်ပါသည်။

## ဤပြဿနာကို အဆုံးသတ်ရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း?

ဤအတွက်ဖြေရှင်းရန် နည်းလမ်းများစွာရှိပါသည်။ **ခရစ်ယာန်မိသားစုများတို့သည် မှန်သည်မှားသည်ကို သိရှိနားလည်ရန် လိုအပ်ပါသည်။ ဦးစွာ မိဘတို့သည် မိမိ၏သားသမီးကို လက်ထပ်ထိမ်းမြားခြင်းကိစ္စတွင် ဘုရားသခင်၏အလိုတော် မည်ကဲ့သို့ရှိသည်ကို ပြောပြထားရပါမည်။**

သင်းအုပ်ဆရာတော်များနှင့် အသင်းတော်တို့သည်လည်း ဤအပြစ်နွံထဲရောက်ရှိနေသော မောင်မယ်များကို **သည်းခံပြီး ချစ်ခြင်းမေတ္တာ**ပြရပါမည်။ **သက်ဆိုင်သော အသင်းတော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်မှ ထိုမောင်မယ်တို့၏ နှလုံးသားတွင် ဘုရားသခင်၏ နှုတ်ကပတ်တော် တည်မြဲစေရန်နှင့် နှုတ်ကပတ်တော်ကို ဆန့်ကျင်သောအရာများကို ဖယ်ရှားရန် သစ္စာရှိစွာ ဆုတောင်းရပါမည်။** အသင်းတော်တို့ သည် ဤအချက်ကို လစ်လျူရှုမထားဘဲ သစ္စာရှိစွာ ပါဝင်ကူညီလုပ်ဆောင်ရပါမည်။ မထိမ်းမြားဘဲ ပေါင်းသင်းနေထိုင်ခြင်းအကြောင်းကို အသင်းတော်များတွင် ဆွေးနွေးရန် လိုအပ်ပါသည်။

ဤကဲ့သို့နေထိုင်သော မောင်မယ်တို့သည်လည်း မိမိတို့၏အပြစ်ကို သိရှိဝန်ခံပြီး ဘုရားသခင်၏ နှစ်သိမ့်ဖွယ်ရာ ကတိစကားတော်ကို ကြားသိရန်လိုအပ်ပါသည်။

***"သို့ရာတွင် အပြစ်ဝန်ချကြလျှင် ဘုရားသခင်သည် ကတိတည်တော်မူ၍ တရားမျှတတော်မူသော အရှင်ဖြစ်တော်မူသဖြင့် ငါတို့၏အပြစ်များကို ဖြေလွှတ်၍ ငါတို့အား ဒုစရိုက်အညစ်အကြေးအပေါင်းတို့နှင့် ကင်းစေတော်မူလိမ့်မည်"*** **(၁ ယော ၁ း ၉)**

**မထိမ်းမြားဘဲ ပေါင်းသင်းနေသော မောင်မယ်တို့သည် တရားဝင်ထိမ်းမြားခြင်းပြုမည်ဆိုပါက သူတို့၏ ပြုခဲ့သောအပြစ်များကို ဘုရားသခင်ခွင့်လွှတ်၍ ရရှိသောပျော်ရွှင်စိတ်ချမှုနှင့် ထိမ်းမြားမင်္ဂလာကောင်းကြီး များကို ခံစားရမည် ဖြစ်ပါသည်။**

**1998 The office of the president**
**မစ်ဆိုရီဆင်နော့ လူသာရင်အသင်းတော်**

**ဘာသာပြန်သူ**

**ဘုန်းတော်ကြီး ချားလ်စ်အက်ဒွပ်**

**သင်းအုပ်**

**တိုင်းရင်းသားလူသာဂင်အသင်းတော်**

**ရန်ကုန်မြို့။**

charlesedwards56@gmail.com